အရာထမ်းအမှုထမ်းများသည် မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များမှတဆင့် မိမိတို့၏နစ်နာချက်များနှင့်အဆိုပြုချက်များကို ပြည်နယ် သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းများ သို့မဟုတ် ဌာနများထံသို့ တင်ပြခြင်း၊ အကြောင်းကြားခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။

ပုဂ္ဂလိကလုပ်ငန်းများ၏အလုပ်သမားများသည် မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များမှတဆင့် မိမိတို့ရပိုင်ခွင့်များကို စုပေါင်းတောင်းဆိုပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ ၇။ လက်နက်ကိုင်စွဲပိုင်ခွင့်

မိမိကိုယ်ကိုကာကွယ်ရန်အလို့ငှာ ပြည်သူတို့သည် လက်နက်ကိုင်စွဲ ပိုင်ခွင့်ရှိသည်။ လက်နက်ကိုင်စွဲခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ဥပဒေပြဋ္ဌာန်းရမည်။

### ပုဒ်မ ၈။ ဥပဒေအရဆောင်ရွက်ခြင်း

ဥပဒေအရဆောင်ရွက်ခြင်းမှတပါး မည်သူတဦးတယောက်မှ အသက်တာ၊ လွတ်လပ်ခွင့် သို့မဟုတ် ပစ္စည်းဥစ္စာဆုံးရှုံးခြင်းမရှိစေရ။ မည်သူတဦးတယောက်မှ တူညီစွာပေးအပ်ထားသည့် ဥပဒေအကာအကွယ်ပေးမှု အား ငြင်းပယ်ခံရခြင်းမရှိစေရ။

### ပုဒ်မ ၉။ ထပ်ဆင့်အရေးယူခံရခြင်း

မည်သူတဦးတယောက်မှပြစ်မှုတစုံတခုအတွက် တရားသေလွှတ်ခံရပြီး နောက်၊ ထပ်ဆင့်အရေးယူ အပြစ်ပေးခံရခြင်းမရှိစေရ။ သို့တည်းမဟုတ် ရာဇဝတ်မှုတစုံတရာတွင် မိမိကိုယ်ကိုဆန့်ကျင်၍ သက်သေအဖြစ် ထွက်ဆို ခြင်း မရှိစေရ။

### ပုဒ်မ ၁၀။ ကြွေးမြီအတွက်ထောင်ဒဏ်ကျခံရခြင်း

မည်သူတဦးတယောက်မှ ကြွေးမြီအတွက်ထောင်ဒဏ်ကျခံရခြင်းမရှိစေရ။ ကြွေးမြီ သို့မဟုတ် တာဝန်ခံမှုတစုံတရာအတွက် ပေးဆပ်ရန်ပစ္စည်းသိမ်း ယူခြင်း သို့မဟုတ် ပစ္စည်းရောင်းချခြင်းပြုလုပ်ရာတွင် ပစ္စည်းပိုင်ရှင်ပုဂ္ဂိုလ် တစုံတယောက်အတွက် သင့်တင့်လျောက်ပတ်သည့် ပစ္စည်းအားချွင်းချက် ထားပေးနိုင်သည်။

### ပုဒ်မ ၁၁။ တားမြစ်ထားသည့်ဥပဒေများ

ဥပဒေပအပြစ်ဒဏ်စီရင်သောဥပဒေ၊ နောက်ကြောင်းပြန် အာဏာသက် ရောက်သောဥပဒေနှင့် ပဋိညာဉ်စာချုပ်ပါတာဝန်ခံမှုများအား ပျက်ပြားစေ သည့် ဥပဒေအား ပြဋ္ဌာန်းခြင်းမရှိစေရ။

### ပုဒ်မ ၁၂။ ရှေ့တော်သွင်းစာချွန်အမိန့်

ပုန်ကန်ထကြွမှု သို့မဟုတ် ပြည်ပ၏ကျူးကျော်တိုက်ခိုက်မှုခံရသည့် အခါ တွင်ငှင်း၊ ပြည်သူလူထု၏လုံခြုံမှုအတွက်လိုအပ်လာသည့် အခါတွင်ငှင်း၊

ယင်းကိစ္စရပ်များအတွက်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီမှတပါး၊ မည်သည့်အချိန်တွင်မှ ရှေ့တော်သွင်းစာချွန်အမိန့်အား ရပ်ဆိုင်းထားခြင်းမရှိစေရ။

## ပုဒ်မ ၁၃။ ကျွန်ပြုမှုတားမြစ်ခြင်း

ကျွန်ပြုမှုနှင့် မိမိဆန္ဒအရမဟုတ်ဘဲ လုပ်အားပေးရခြင်းအရပ်ရပ်အား တားမြစ်သည်။

## ပုဒ်မ ၁၄။ ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်း

မည်သူမဆို လူပုဂ္ဂိုလ်၊ နေအိမ်၊ စာရွက်စာတမ်းနှင့်အသုံးအဆောင်ပစ္စည်းတို့အား အကြောင်းမဲ့ရှာဖွေခြင်း၊ အကြောင်းမဲ့ဖမ်းဆီးခြင်းတို့မှ လုံခြုံမှုအခွင့်အရေးကို ချိုးဖေါက်ခံရမှုမရှိစေရ။ ဖြစ်နိုင်ခြေရှိလျှင် ကျမ်းကျိန်ဆိုခြင်း၊ ကတိခံဝန်ချက်ပြုခြင်းမရှိဘဲ ဝရမ်းထုတ်ပေးခြင်းမရှိစေရ။ အထူးသဖြင့်ရှာဖွေမည့်နေရာကိုဎင်း၊ ဖမ်းဆီးရမည့် လူနှင့်ပစ္စည်းကိုဎင်း အတိအကျဖေါ်ပြခြင်းပြုလုပ်ရမည်။

## ပုဒ်မ ၁၅။ တရားခံ၏အခွင့်အရေးများ

ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုဆောင်ရွက်ခြင်းများတွင် တရားခံသည် ဎင်းအားစွဲဆိုထားသည့် စွပ်စွဲချက် အချက်အလက်အတိအကျကိုရယူခြင်း၊ တရားရုံးတွင်မိမိကိုယ်တိုင် အကြံပေးပုဂ္ဂိုလ်နှင့်အတူတကွ တက်ရောက်ကာ မိမိအတွက်ခုခံကာကွယ်ပြောဆိုခြင်း၊ တဘက်သက်သေများအား မျက်နှာခြင်းဆိုင်တွေ့ဆုံခြင်း၊ မိမိအတွက်ထွက်ဆိုပေးမည့်သက်သေများအား မဖြစ်မနေတက်ရောက်စေခြင်းတို့ကို ပြုလုပ်နိုင်ရမည်ဖြစ်ပြီး၊ မိမိ၏ ဆန္ဒအရ တရားစီရင်ရာနေရာအား အပြောင်းအလဲပြုလုပ်ခြင်းမှတပါး အမှုဖြစ်ပွါးရာဟုဆိုထားသော မြို့နယ် သို့မဟုတ် ခရိုင် ၌ အမြန်ဆုံးတရားရုံးတွင် အများပြည်သူရှေ့မှောက်၌ အမှုစစ်ဆေးစီရင်ဆုံးဖြတ်ပေးခြင်း၊ အခွင့်အရေးများရှိစေရမည်။

**ပုဒ်မ ၁၆။ အစဉ်အလာအရမဟုတ်သောအပြစ်ဒဏ်–အဆမတန်ငွေဒဏ်**

ရက်စက်ကြမ်းကြုတ်သော သို့မဟုတ် အစဉ်အလာအရမဟုတ်သော အပြစ်ဒဏ်ကို ချမှတ်ခြင်း သို့တည်းမဟုတ် အဆမတန်ငွေဒဏ်ကို ပေးဆောင်စေခြင်းမပြုစေရ။

@ @ @ @ @

# အပိုဒ် (၂)

# ယေဘူယျပြဋ္ဌာန်းချက်များ

## ပုဒ်မ ၁။ ပြည်နယ် နယ်နမိတ်

ကော်သူးလေပြည်နယ်၏ နယ်နမိတ်အတွင်းတွင် အောက်ပါခရိုင်နယ်မြေများ ပါဝင်သည်။

၁။ တောအူးခရိုင် (တောင်ငူခရိုင်)
၂။ ခလယ်လွှီထူခရိုင် (ညောင်လေးပင်ခရိုင်)
၃။ ဒူးသထူခရိုင် (သထုံခရိုင်)
၄။ မူတြော်ခရိုင် (ဖါပွန်ခရိုင်)
၅။ ဖါးအံခရိုင်
၆။ ဒူးပလာယာခရိုင်
၇။ ဘိတ် – ဒဝယ်ခရိုင်

**(မှတ်ချက်။ ကော်သူးလေပြည်နယ်အတွင်းတွင် ယခုကာလသတ်မှတ်ထားသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ပါဝင်ပြီး ကရင်ပြည်နယ်နှင့် ဆက်စပ်နေသော အချို့သေများပါဝင်သည်။ နယ်နမိတ်သတ်မှတ်ခြင်းအားအနာဂတ်ကာလတွင် သက်ဆိုင်ရာပြည်နယ်များနှင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်ပြီးသတ်မှတ်မည်ဖြစ်သည်။)**

## ပုဒ်မ ၂။ အစိုးရရုံးစိုက်ရာနေရာ

ဖါးအံမြို့သည် အစိုးရရုံးစိုက်ရာနေရာ ဖြစ်သည်။

## ပုဒ်မ ၃။ အာဏာခွဲခြားထားခြင်း

ပြည်နယ်၏အချုပ်အခြာအာဏာရပ်များမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ဖြစ်သည်။ ၎င်းအာဏာရပ်များကိုခွဲခြားထားရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ ခွင့်ပြုချက်မှတပါး အဆိုပါအာဏာတရပ်ကို ကျင့်သုံးပိုင်ခွင့်ရှိသောပုဂ္ဂိုလ်သည် အခြားအာဏာတရပ်ရပ်ကို ကျင့်သုံးပိုင်ခွင့်မရှိစေရ။

## ပုဒ်မ ၄။ ပြည်နယ်တံဆိပ်နှင့် ပြည်နယ်အလံ

ပြည်နယ်တံဆိပ်နှင့် ပြည်နယ်အလံ၏ပုံစံကို ဥပဒေပြုသတ်မှတ်ပြဋ္ဌာန်းရမည်။

## ပုဒ်မ ၅။ ပြည်နယ်ရုံးသုံးဘာသာစကား

ကရင်ဘာသာစကားသည် ကော်သူးလေပြည်နယ်၏ ရုံးသုံးဘာသာ စကားဖြစ်သည်။ အင်္ဂလိပ်နှင့် မြန်မာဘာသာစကားကိုလည်း ရုံးသုံးဘာသာစကားအဖြစ် လိုအပ်သလိုအသုံးပြုနိုင်သည်။

## ပုဒ်မ ၆။ လက်နက်ကိုင်တပ်ဖွဲ့များ

မည်သည့်အချိန်အခါမဆို လက်နက်ကိုင်တပ်ဖွဲ့များသည် အရပ်ဘက်အုပ်ချုပ်ရေးအာဏာ၏ လက်အောက်ခံဖြစ်ရမည်။

လက်နက်ကိုင်တပ်ဖွဲ့များတွင် နယ်ခြားစောင့်တပ်ဖွဲ့၊ ပြည်နယ်လုံခြုံရေးတပ်ဖွဲ့နှင့် ပြည်သူ့စစ်တို့ပါဝင်သည်။

@ @ @ @ @

# အပိုဒ် (၃)

## ဥပဒေပြုရေး

### ပုဒ်မ ၁။ ဥပဒေပြုရေးအာဏာ

ဤပြည်နယ်၏ဥပဒေပြုရေးအာဏာသည် ကော်သူးလေပြည်နယ်၏ ဥပဒေပြုအဖွဲ့တွင်အပ်နှင်းပြီး၊ ၎င်းတွင် ဆီးနိတ်နှင့် ကိုယ်စားလှယ်များ လွှတ်တော် တို့ပါဝင်သည်။

### ပုဒ်မ ၂။ အဖွဲ့ဝင်

ဆီးနိတ်တွင် (၄) နှစ်သက်တမ်းကာလအတွက် ရွေးကောက်ခံရသောအဖွဲ့ဝင် (၁၄) ဦးပါဝင်သည်။ (၂) နှစ် တကြိမ်ဆီးနိတ်ရွေးကောက်ပွဲကျင်းပရမည်ဖြစ် ပြီး၊ အဖွဲ့ဝင်ဦးရေတဝက်အား ရွေးကောက်ရမည်။ ကိုယ်စားလှယ်များ လွှတ်တော်တွင် (၄) နှစ်သက်တမ်းကာလအတွက်ရွေးကောက်ခံရသော အဖွဲ့ (၄၀) ဦး ပါဝင်သည်။

### ပုဒ်မ ၃။ ဥပဒေပြုအဖွဲ့ဝင်များ၏အရည်အချင်း

မည်သူမဆိုအနည်းဆုံးအသက် (၂၁) နှစ်မပြည့်လျှင် သော်၎င်း၊ မဲဆန္ဒရှင် ဖြစ်ပြီး ဆန္ဒမဲပေးရမည့်ခရိုင်တွင် တနှစ်နေထိုင်သူ မဟုတ်လျှင် သော်၎င်း၊ ဤ ပြည်နယ်သားမဟုတ်လျှင် သော်၎င်း၊ ရွေးကောက်ပွဲမတိုင်မီ ဤ ပြည် နယ်တွင် (၃) နှစ် နေထိုင်သူမဟုတ်လျှင် သော်၎င်း၊ ဥပဒေပြုအဖွဲ့ဝင်အဖြစ် အရွေးခံပိုင်ခွင့်မရှိစေရ။

### ပုဒ်မ ၄။ နေရာလစ်လပ်ခြင်း

ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်တင် မြှောက်ခြင်းဖြင့်သာလျှင်လစ် လပ်နေသောဥပဒေပြုအဖွဲ့ ဝင်နေရာကို ဖြည့်ရမည်။

### ပုဒ်မ ၅။ အဖွဲ့ဝင်များအားရွေးကောက်ခြင်း

အချိုးကျကိုယ်စားပြုမှုမဲပေးစနစ်နှင့် ဥပဒေပြုပြဋ္ဌာန်းပေးမည့် နည်းစနစ်နှင့်အညီ ပြည်နယ်၏မဲပေးပိုင်ခွင့် အရည်အချင်းရှိသူမဲဆန္ဒရှင်များသည် ကိုယ်စားလှယ်များလွှတ်တော်၏ အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရမည်။

ခရိုင်တခုလျှင်ဆီးနိတ်အဖွဲ့ဝင် (၂) ဦးကျစီပါဝင်ရန်အလို့ငှါ ခရိုင်တခုစီ၏ မဲပေးပိုင်ခွင့်အရည်အချင်းရှိသူ မဲဆန္ဒရှင်များသည် ဆီးနိတ်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရမည်။

### ပုဒ်မ ၆။ ရွေးကောက်ပွဲကျင်းပသည့်အချိန်

ဥပဒေပြုအဖွဲ့၏ အဖွဲ့ဝင်များအား ဇန္နဝါရီလတွင်ပြုလုပ်သည့် (၂) နှစ်တကြိမ် ကျင်းပသောရွေးကောက် ပွဲများတွင် ရွေးကောက်တင်မြှောက်ရမည်။

### ပုဒ်မ ၇။ အဖွဲ့ဝင်များ၏ခံစားပိုင်ခွင့်

ဥပဒေပြုအဖွဲ့၊ အဖွဲ့ဝင်များ၏ခံစားပိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ဖွဲ့စည်းပေးသည့် လွတ်လပ်စွာ လုပ်ဆောင်ပိုင်ခွင့်ရှိသော ကော်မရှင်တရပ်က ဆုံးဖြတ်သတ်မှတ်ပေးရမည်။

### ပုဒ်မ ၈။ အစည်းအဝေးများကျင်းပခြင်း

ဥပဒေပြုအဖွဲ့သည် (၃) လတကြိမ် သို့မဟုတ် ၎င်းအတွက်ဥပဒေပြုပြဋ္ဌာန်း ပေးထားသည့် နေ့ရက်တွင် ပုံမှန်အစည်းအဝေးများကို ကျင်းပပြုလုပ်ရမည်။ ပြည်နယ်ဥက္ကဋ္ဌကသော်၎င်း၊ လွှတ်တော်အသီးသီး၏အဖွဲ့ဝင်အများစုက တောင်းဆိုလျှင်သော်၎င်း၊ အထူးအစည်းအဝေးများကိုကျင်းပ ပြုလုပ်နိုင်သည်။



Karen SCDC (BURMESE VERSION).pmd 51 8/8/2006, 4:56 PM

## ပုဒ်မ ၉။ ရွေးကောက်ပွဲအတွက်အဆုံးအဖြတ်ပေးခြင်း

ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပေးသည့် လွတ်လပ်စွာလုပ်ဆောင်ပိုင်ခွင့်ရှိသော ရွေးကောက်ပွဲ ကော်မရှင်တရပ်က ရွေးကောက်ပွဲအား ကျင်းပပေးရမည်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးပိုင်ခွင့်ရှိသည်။

## ပုဒ်မ ၁၀။ ဖွဲ့စည်းပုံနှင့်ကျင့်ထုံး

လွှတ်တော်အသီးသီးသည် မိမိတို့၏ဥက္ကဌနှင့်အတွင်းရေးမှူးအား ရွေးချယ်ရမည်ဖြစ်ပြီး မိမိ၏လုပ်ထုံးလုပ်နည်းများအားသတ်မှတ်ရမည်ဖြစ်သည်။ ၎င်းဥက္ကဌများကို ဆီးနိတ်တွင် ဆီးနိတ်ဥက္ကဌအဖြစ်၎င်း၊ ကိုယ်စား လွှတ်တော်တွင် ကိုယ်စားလှယ်များလွှတ်တော်ဥက္ကဌအဖြစ်၎င်း တာဝန်ပေးအပ်ရမည်။

လွှတ်တော်အသီးသီးတွင် အဖွဲ့ဝင်အများစုတက်ရောက်ပါက အစည်းအဝေး ထမြောက်သည်။ သို့ရာတွင် ပျက်ကွက်သည့်အဖွဲ့ဝင်များ အစည်းအဝေး တက်ရောက်အောင် ပြုလုပ်ရန်အတွက် အစည်းအဝေးအားတရက် နောက်ထပ်တရက်ရွှေ့ဆိုင်းနိုင်သည်။

လွှတ်တော်အသီးသီးသည် မိမိ၏အဖွဲ့ဝင်တဦးတယောက်အား မထေမဲ့မြင်ပြုမှု သို့မဟုတ် မဖွယ်မရာပြုမှုအတွက် အဖွဲ့ဝင်အဖြစ်မှရပ်ဆိုင်းထားနိုင်ပြီး အဖွဲ့ဝင်အားလုံး၏သုံးပုံနှစ်ပုံ သဘောတူညီချက်ဖြင့် အဖွဲ့ဝင် အဖြစ်မှ ထုတ်ပယ်နိုင်သည်။

လွှတ်တော်အသီးသီး၏အစည်းအဝေးပွဲများသည် အများပြည်သူတက်ရောက်ခွင့်ရှိရမည်။ သို့ရာတွင် အများပြည်သူဆိုင်ရာ ရာထူးတွင် ခန့်ထားခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းနှင့် ပတ်သက်သည့် ဆီးနိတ်အစည်းအဝေးများတွင်မူ အများပြည်သူတက်ရောက်ခွင့်အား ပိတ်ပင်နိုင်သည်။

လွှတ်တော်အသီးသီးသည်မိမိ၏ လုပ်ငန်းဆိုင်ရာဂျာနယ်အား ထားရှိ၊ ထုတ်ဝေရမည်ဖြစ်ပြီး လွှတ်တော်အစည်းအဝေးကျင်းပသည့်နေ့ နောက်တနေ့တွင် အပြီးထုတ်ဝေဖြန့်ချီရမည်။

အစည်းအဝေးတက်ရောက်သောအဖွဲ့ဝင် (၅) ဦးတောင်းဆိုပါက၊ မည်သည့် အကြောင်းအရာနှင့် ပတ်သက်၍မဆို အဖွဲ့ဝင်တဦးစီ၏မဲပေးမှုနှင့် ပတ်သက် ၍ ဂျာနယ်တွင်ထည့်သွင်းပေးရမည်။

အစည်းအဝေးအား (၅) ရက်ထက်ပို၍ ရွှေ့ဆိုင်းခြင်း သို့မဟုတ် အခြား နေရာသို့ ရွှေ့ပြောင်းခြင်းကို လွှတ်တော်တရပ်၏သဘောတူချက်မရရှိဘဲ အခြားလွှတ်တော်တရပ်က လုပ်ဆောင်ခြင်းမပြုနိုင်။

## ပုဒ်မ ၁၁။ ဥပဒေပြုခြင်းဆိုင်ရာကင်းလွတ်ခွင့်

ဥပဒေပြုအစည်းအဝေးအတွင်း ပြောဆိုချက်၊ ဆွေးနွေးချက်များနှင့် ပတ် သက်၍၊ ဥပဒေပြုအဖွဲ့ဝင်များအား အခြားနေရာတစုံတခုတွင်မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခံရခြင်းမရှိစေရ။

## ပုဒ်မ ၁၂။ ပြည်နယ်၏ရွေးကောက်ခံအာဏာပိုင်များအားစွပ်စွဲခြင်း

တာဝန်ထမ်းဆောင်ရာတွင်အကျင့်သိက္ခာပျက်ပြားခြင်းကြောင့် ပြည်နယ် ဥက္ကဋ္ဌ၊ ပြည်နယ် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တရားလွှတ် တော်တရားသူကြီးများသည် စွပ်စွဲမှု ပြုခြင်းကို ခံရမည်။

ပြည်နယ်၏ရွေးကောက်ခံအာဏာပိုင်များအားစွပ်စွဲခြင်းကို ကိုယ်စား လှယ်များလွှတ်တော်ကသာ ပြုလုပ်ပိုင်ခွင့်အာဏာရှိသည်။ ထိုသို့ပြုလုပ် ရာတွင်မဲသုံးပုံနှစ်ပုံဖြင့်အဆုံးအဖြတ် ပြုလုပ်ရမည်။ စွပ်စွဲမှုပြုခြင်းခံရသူ အပေါ်စွပ်စွဲထားချက်များအားစုံစမ်းစစ်ဆေးရန်၊ ကိုယ်စားလှယ်များ လွှတ်တော်ဥက္ကဋ္ဌသည် မည်သည့်အချိန်၌ မဆိုကော်မတီတရပ်ကို ဖွဲ့စည်း ပိုင်ခွင့်ရှိသည်။

ပြည်နယ်၏ရွေးကောက်ခံအာဏာပိုင်များအား စွပ်စွဲခြင်းအမှုကို ဆီးနိတ်က အမှုစစ်ဆေးစီရင် ဆုံးဖြတ်ရမည်။ တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ၎င်းကတာဝန်ပေးအပ်သောတရားလွှတ်တော် တရားသူကြီး သည် အမှုစစ်ဆေးရာတွင် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ တရား လွှတ်တော်တရားသူကြီးချုပ်ကိုယ်တိုင် စွပ်စွဲမှုပြုခြင်းခံရပါက ပြည်နယ်ဥက္ကဋ္ဌ က သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အမှုစစ်ဆေးသည့် တရားခုံရုံး

အနေဖြင့်၊ တရားခံရုံးအဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ သဘောတူညီချက်မရရှိပါက ပြစ်ဒါဏ်ချမှတ်ခြင်းမပြုနိုင်။ ပြစ်ဒါဏ်ချမှတ်ပါကလည်း ရာထူးမှ ထုတ်ပယ်ပစ်ခြင်းနှင့် ပြည်နယ်၏ရာထူးတစုံတရာကို ထမ်းဆောင်ခွင့်မရှိခြင်းအထိသာ စီရင်ချက်အမိန့် ချမှတ်ရမည်။ အပြစ်ဒါဏ်ချမှတ်ခံရခြင်း သို့မဟုတ် တရားသေလွှတ်ခံရခြင်းကြောင့် ၎င်းအပေါ် ရာဇဝတ်မှုဖြင့်ဖြစ်စေ၊ တရားမ မှုဖြင့်ဖြစ်စေ အရေးယူခြင်းကိုထိခိုက်ခြင်းမရှိစေရ။

## ပုဒ်မ ၁၃။ ဥပဒေကြမ်းနှင့် ဥပဒေကြမ်း၏ခေါင်းစည်းများ

ဥပဒေကြမ်းရေးဆွဲတင်သွင်းခြင်းမှတပါး မည်သည့်ဥပဒေမှ ပြုလုပ်ပြဌာန်းခြင်းမရှိစေရ။ ငွေကြေးခွဲဝေလျာထားသတ်မှတ်၊ သုံးစွဲခြင်းဆိုင်ရာဥပဒေကြမ်းနှင့် တရားဝင်တည်ရှိသောဥပဒေများအား စနစ်တကျစုစည်းခြင်း ပြန်လည်စီစစ်ပြင်ဆင်ခြင်း၊ ပြန်လည်အစီအစဉ်တကျပြုလုပ်ခြင်း ဆိုင်ရာဥပဒေကြမ်းများမှတပါး အခြားဥပဒေကြမ်းတိုင်းသည် အကြောင်းအရာ တရပ်အတွက်သာဖြစ်ရမည်ဖြစ်ပြီး ၎င်းကိုခေါင်းစည်း၌ဖေါ်ပြထား ရှိရမည်။

ငွေကြေးခွဲဝေလျာထားသတ်မှတ်သုံးစွဲခြင်းဆိုင်ရာဥပဒေကြမ်းသည် ငွေကြေးခွဲဝေလျာထားခြင်း၊ ခွဲဝေသတ်မှတ်ခြင်း၊ ခွဲဝေသုံးစွဲခြင်းကိစ္စရပ်များအတွက်သာဖြစ်ရမည်။

## ပုဒ်မ ၁၄။ ဥပဒေကြမ်းမှ ဥပဒေဖြစ်ခြင်းလမ်းကြောင်း

ငွေကြေးဆိုင်ရာဥပဒေကြမ်းမှတပါး ဥပဒေကြမ်းအားလုံးသည် လွှတ်တော်တရပ်ရပ်တွင်တင်သွင်း ရမည်ဖြစ်ပြီး လွှတ်တော်တရပ်တွင် အတည်ပြုပါက ကျန်လွှတ်တော်တရပ်တွင် ဥပဒေကြမ်းတခုလုံးကိုသော်၎င်း၊ တစိတ်တပိုင်းကိုသော်၎င်း၊ ပြင်ဆင်ခြင်းပယ်ချခြင်း၊ ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

ဥပဒေကြမ်းတခုသည်သီးခြား (၃) ရက်အတွင်း လွှတ်တော်၌ဖတ်ကြားခဲ့ခြင်း၊ နောက်ဆုံးအဆုံးအဖြတ်ပေးမည့်ရက်မတိုင်မီ လွှတ်တော်အစည်းအဝေးနေ့ (၃) ရက်ကြိုတင်၍ အဖွဲ့ဝင်များထံ ပုံနှိပ်စာလုံးဖြင့်ရိုက်နှိပ်ပြီး အပြီးသတ်ပုံစံဖြင့် ရောက်ရှိထားခြင်းမရှိပါက ဥပဒေ မဖြစ်နိုင်ပေ။ နောက်ဆုံးအဆုံးအဖြတ်ပေးရာတွင်အဖွဲ့ဝင် တဦးစီ၏ မဲကိုဂျာနယ်၌ထည့်သွင်းဖေါ်ပြရမည်။



Karen SCDC (BURMESE VERSION).pmd 54 8/8/2006, 4:56 PM

လွှတ်တော်အသီးသီး၌ ဥပဒေကြမ်းကိုအများစုဆန္ဒမဲဖြင့်အတည်ပြုရမည်။

ဥပဒေပြဋ္ဌာန်းချက်နှင့်အညီဥပဒေတစုံတခုအား ထုတ်ပြန်ကြေငြာခြင်းမပြုပါက အာဏာသက်ရောက် ခြင်းမရှိစေရ။

## ပုဒ်မ ၁၅။ အုပ်ချုပ်ရေးဆိုင်ရာအတည်ပြုခြင်း

ဥပဒေပြုအဖွဲ့ကအတည်ပြုပြီးသော ဥပဒေကြမ်းတိုင်းကို ပြည်နယ်ဥက္ကဋ္ဌထံပေးပို့ပြီး အတည်ပြုချက် ရယူရမည်။ ပြည်နယ်ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုးပါက ဥပဒေအဖြစ်အာဏာတည်စေရမည်။

ပြည်နယ်ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းအားငြင်းပယ်ပါက အကြောင်းပြချက်ကိုစာဖြင့်ရေးသားပြီး အဆိုပါ ဥပဒေကြမ်းနှင့်အတူ မူလဥပဒေကြမ်း စတင်တင်သွင်းသည့်လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။ မူလလွှတ်တော် က ပြန်လည်စဉ်းစားအပြီး ယင်းဥပဒေကြမ်းနှင့် အကြောင်းပြချက်များအား အခြားလွှတ်တော်ထံပေးပို့ရ မည်။

ထိုသို့ပြန်လည်စဉ်းစားရာတွင်လွှတ်တော်တခုစီတွင် သုံးပုံနှစ်ပုံဖြင့် ယင်းဥပဒေကြမ်းအားအတည်ပြုပါက ဥပဒေအဖြစ်အာဏာတည်စေရမည်။

ထိုသို့သောကိစ္စရပ်များတွင် တဦးခြင်းအမည်ခေါ်ယူမဲပေးခြင်း ပြုလုပ်ရမည်ဖြစ်ပြီးသက်ဆိုင်ရာဂျာနယ်တွင်ထည့်သွင်းဖေါ်ပြရမည်။

ဥပဒေကြမ်းတခုသည် ပြည်နယ်ဥက္ကဋ္ဌထံပေးပို့ပြီးနောက် (၁၅) ရက်အတွင်း၊ ပြည်နယ်ဥက္ကဋ္ဌက လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ပြန်လည်ပေးပို့ခြင်း မပြုလျှင် ပြည်နယ်ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီးသကဲ့သို့ ဥပဒေအဖြစ် အာဏာတည်စေရမည်။ သို့ရာတွင် ယင်း (၁၅) ရက်ကုန်ဆုံးသောအချိန်၌ ဥပဒေပြုအစည်းဝေးအား ခေတ္တရပ်နားထားလျှင် ပြည်နယ်ဥက္ကဋ္ဌသည် ထိုရပ်နားထားချိန်အတွင်း မည်သည့်အချိန်၌မဆို လက်မှတ်ရေးထိုးခြင်းကို သော်၎င်း၊ ဥပဒေပြုအစည်းအဝေး ပြန်လည်စတင်ချိန်၌ ၎င်း၏အကြောင်းပြချက်များနှင့်အတူ ဥပဒေကြမ်း အားပြန်လည်ပေးပို့ခြင်းကို သော်၎င်း ပြုလုပ်နိုင်သည်။

## ပုဒ်မ ၁၆။ ဥပဒေပြုကော်မတီ

လွှတ်တော်တရပ်စီတွင် အဖွဲ့ဝင် (၅) ဦးထက်မနည်း (၇) ဦးထက်မများသော အဖွဲ့ဝင်များပါဝင်သည့် ဥပဒေပြုကော်မတီတရပ်စီကို ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ကိုယ်စားလှယ်များအတွင်းမှ ရွေးချယ်ပေးရမည်။ ယင်း ကော်မတီသည် မိမိကော်မတီဝင်များအတွင်းမှတဦးအား သဘာပတိအဖြစ်ရွေးချယ်ရမည်။ လွှတ်တော်တရပ်စီ၏ အတွင်းရေးမှူးတို့သည် သက်ဆိုင်ရာကော်မတီတွင် ရာထူးအလျောက် ကော်မတီအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ရမည်။

ပုံမှန်ရွေးကောက်ပွဲအပြီး ပဌမအကြိမ်ကျင်းပသည့် သက်ဆိုင်ရာလွှတ်တော် အစည်းအဝေးတွင် ဥပဒေပြုကော်မတီများအားဖွဲ့စည်းပေးရမည်။

## ပုဒ်မ ၁၇။ ဥပဒေပြုကော်မတီ၏တာဝန်

ပြည်နယ်အစိုးရနှင့်ပတ်သက်၍ သော်၎င်း၊ ပြည်နယ်၏အထွေထွေသာယာဝပြောရေးနှင့်ပတ်သက်၍ သော်၎င်း၊ သတင်းအချက်အလက်များအား စုဆောင်းရန်နှင့် သက်ဆိုင်ရာမိမိ၏လွှတ်တော်ထံတင်ပြအစီရင်ခံရန် တာဝန်ရှိသည်။

ဥပဒေပြုကော်မတီ၏အခြားလုပ်ပိုင်ခွင့်နှင့်တာဝန်များကို ဥပဒေဖြင့် ပြဋ္ဌာန်းပေးအပ်နိုင်သည်။

## ပုဒ်မ ၁၈။ ဖက်ဒရယ်ပြည်ထောင်စုအားပေးအပ်ထားသည့် အာဏာများ

အောက်ပါကိစ္စရပ်များတွင် ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြု လွှတ်တော်သည် သီးသန့်ဥပဒေပြုအာဏာ ရှိစေရမည်။

(၁) နိုင်ငံခြားရေး
(၂) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေး
(၃) စာတိုက်လုပ်ငန်းနှင့်ပြည်ထောင်စုကြေးနန်းဆက်သွယ်ရေး
(၄) ငွေကြေး၊ ငွေစက္ကူနှင့်ငွေဒင်္ဂါး
(၅) အလေးချိန်နှင့်အတိုင်းအတာ

(၆) ပြည်ထောင်စု၏ကားလမ်း၊ ရထားလမ်းနှင့် ရေကြောင်းလမ်းများ
(၇) လေကြောင်းနှင့် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး
(၈) နိုင်ငံတကာကုန်သွယ်ရေး
(၉) ပြည်ထောင်စုနိုင်ငံသားဖြစ်ခြင်း
(၁၀) ပြည်ထောင်စုရဲတပ်ဖွဲ့
(၁၁) ပြည်ထောင်စုအရေးပေါ်အခြေအနေ
(၁၂) လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း
(၁၃) ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့် တံဆိပ် အမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်
(၁၄) အကောက်ခွန်၊ သွင်းကုန်ထုတ်ကုန် အခွန်ကောက်ခံခြင်း
(၁၅) နိုင်ငံခြားသားများအား နိုင်ငံသားပြုခြင်း

အောက်ပါကိစ္စရပ်များတွင် ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုလွှတ်တော်သည် ပြည်နယ်ဥပဒေပြုအဖွဲ့ နှင့်တပြိုင်တည်းဥပဒေပြုအာဏာ (ထပ်တူ ဥပဒေပြုအာဏာ) ရှိစေရမည်။

(၁) သဘာဝပတ်ဝန်းကျင်အားကာကွယ်ထိမ်းသိမ်းရေး
(၂) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများ
(၃) ပြည်နယ်အတွင်းပြုလုပ်သည့် ပြည်ထောင်စု၏ စွမ်းအင်စီမံကိန်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ
(၄) ဘဏ်လုပ်ငန်းများ
(၅) တက္ကသိုလ်နှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာပညာရေး
(၆) ခလေ့ထုံးတမ်းကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ လင်းမယားကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်း
(၇) လူဝင်လူထွက်ကြီးကြပ်ရေး

## ပုဒ်မ ၁၉။ ပြည်နယ်ဥပဒေပြုအာဏာ

ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုလွှတ်တော်အား ပေးအပ်ထားသည့် ဥပဒေပြုအာဏာ သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အရ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုလွှတ်တော်နှင့် ပြည်နယ်ဥပဒေပြု အဖွဲ့တို့

တပြိုင်တည်း ဥပဒေပြုနိုင်သည့် ဥပဒေပြုအာဏာများမှတပါး အလုံးစုံသော ဥပဒေပြုအာဏာသည် ပြည်နယ်ဥပဒေပြုအဖွဲ့တွင်တည်ရှိသည်။

အောက်ပါကိစ္စရပ်များတွင်ပြည်နယ်ဥပဒေပြုအဖွဲ့သည် သီးသန့်ဥပဒေပြု အာဏာရှိစေရမည်။

(၁) ပြည်နယ်သားဖြစ်ခြင်း

(၂) ပြည်နယ်အတွင်းလုံခြုံရေးနှင့် ပြည်နယ်၏နယ်စပ်ဒေသလုံခြုံရေး

(၃) ပြည်နယ်ရဲတပ်ဖွဲ့

(၄) ပြည်နယ်လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း

(၅) ပြည်နယ်၏သဘာဝပတ်ဝန်းကျင်ကာကွယ်ထိမ်းသိမ်းရေး

(၆) ပြည်နယ်၏သဘာဝမြေပေါ်မြေအောက်သံယံဇာတရှာဖွေ၊ တူးဖေါ်၊ ထုတ်လုပ်၊ ရောင်းချခြင်း

(၇) ပြည်နယ်၏မြေယာပိုင်ဆိုင်ခြင်းနှင့်မြေယာအသုံးပြုခြင်း

(၈) ပြည်နယ်ပညာရေး

(၉) ပြည်နယ်ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်

(၁၀) ပြည်နယ်အခွန်အကောက် ကောက်ခံခြင်း

(၁၁) ဖွားသေစာရင်းနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာမှတ်ပုံတင်ခြင်း

(၁၂) ပြည်နယ်အတွင်းလမ်းပန်းဆက်သွယ်ရေး

@ @ @ @ @

# အပိုဒ် (၄)

## အုပ်ချုပ်ရေး

### ပုဒ်မ ၁။ ပြည်နယ်ဥက္ကဋ္ဌ

ဤပြည်နယ်၏ အုပ်ချုပ်ရေးအာဏာသည် ပြည်နယ်ဥက္ကဋ္ဌထံတွင် အပ်နှင်းပြီး၊ ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်လက်နက်ကိုင်တပ်ဖွဲ့များ၏ ဦးစီးချုပ် ဖြစ်သည်။

ပြည်နယ်အတွင်းဥပဒေနှင့်အညီ အုပ်ချုပ်စေရေးအတွက် ပြည်နယ်ဥက္ကဋ္ဌက တာဝန်ခံဆောင်ရွက်ရမည်။

### ပုဒ်မ ၂။ ပြည်နယ်ဥက္ကဋ္ဌအားရွေးကောက်ခြင်း

ပြည်နယ်ဥက္ကဋ္ဌအား (၄) နှစ် သက်တမ်းကာလအတွက် ပြည်နယ်သားများက တိုက်ရိုက်မဲပေးရွေး ကောက်တင်မြှောက်ရမည်။ ပဌမဦးဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခံရသည့် ပြည်နယ်ဥက္ကဋ္ဌ၏သက်တမ်းမှာ (၂) နှစ် ကာလသက်တမ်း ဖြစ်မည်။

မဲပေးပိုင်ခွင့်ရှိသူတဦးသည် အသက် (၃၀) နှစ် မပြည့်သူဖြစ်လျှင်သော်၎င်း၊ ပြည်နယ်သားမဟုတ်လျှင် သော်၎င်း၊ ပြည်နယ်အတွင်း ရွေးကောက်ပွဲမတိုင်မီ (၅) နှစ်ကာလမှစ၍တောက်လျှောက်နေထိုင်ခဲ့ခြင်းမရှိသူဖြစ်လျှင်သော်၎င်း၊ ပြည်နယ်ဥက္ကဋ္ဌအဖြစ် အရွေးခံပိုင်ခွင့်မရှိစေရ။

### ပုဒ်မ ၃။ ပြည်နယ် ဒုတိယဥက္ကဋ္ဌ

ပြည်နယ်ဒုတိယဥက္ကဋ္ဌအဖြစ် အရွေးခံမည့်သူသည် ပြည်နယ်ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံရမည်ဖြစ်ပြီး၊ ပြည်နယ် ဥက္ကဋ္ဌ အားရွေးကောက်သည့်အချိန်တွင် ရွေးကောက်ရမည်ဖြစ်၍ ၎င်း၏ သက်တမ်းကာလမှာလည်း (၄) နှစ်ဖြစ်သည်။

ပြည်နယ်ဥက္ကဋ္ဌရာထူးနေရာလစ်လပ်နေပါက၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌသည် ပြည်နယ်ဥက္ကဋ္ဌအဖြစ် ကျန်ရှိနေသည့်အချိန်ကာလအတွက် တာဝန် ထမ်းဆောင်ရမည်။

ပြည်နယ်ဥက္ကဋ္ဌအနေဖြင့် ပြည်နယ်၏ ရွေးကောက်ခံအာဏာပိုင်များအား စွပ်စွဲခြင်းခံနေရချိန် သို့မဟုတ် ပြည်နယ်ပြည်ပသို့ ထွက်ခွါသွားနေသည့် အချိန် သို့မဟုတ် ယာယီတာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အချိန် ကာလ တွင် ပြည်နယ်ဒုတိယဥက္ကဋ္ဌသည် ယာယီပြည်နယ်ဥက္ကဋ္ဌ အဖြစ် တာဝန် ထမ်းဆောင်ရမည်။

ပြည်နယ်ဒုတိယဥက္ကဋ္ဌအနေဖြင့် ပြည်နယ်ဥက္ကဋ္ဌအဖြစ် သို့မဟုတ် ယာယီ ပြည်နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အသေးစိတ် ကို ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၄။ ဥပဒေပြုအဖွဲ့သို့အစီရင်ခံခြင်း

ဥပဒေပြုအဖွဲ့ အစည်းအဝေးစတင်ကျင်းပသည့်အချိန်တိုင်းတွင် ပြည်နယ် ဥက္ကဋ္ဌသည် ပြည်နယ်၏အခြေအနေအရပ်ရပ်ကို ဥပဒေပြုအဖွဲ့ဝင်များ သိရှိနိုင်ရန်အလို့ငှါ အသိပေး အကြောင်းကြားရမည်။ ထိုသို့ပြုလုပ်ရာတွင် မိမိ၏အကြံပေးအဆိုပြုချက်များကို ထည့်သွင်းဖော်ပြနိုင်သည်။

## ပုဒ်မ ၅။ အုပ်ချုပ်ရေးဌာနများမှသတင်းရယူခြင်း

ပြည်နယ်ဥက္ကဋ္ဌသည် အုပ်ချုပ်ရေးဌာနများ၊ အေဂျင်စီများနှင့် ၎င်း၏ အရာ ထမ်းများထံမှ လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များအား စာဖြင့်၎င်း၊ အခြားနည်းဖြင့်၎င်း အချိန်မရွေးရယူပိုင်ခွင့် ရှိသည်။

## ပုဒ်မ ၆။ အုပ်ချုပ်ရေးဆိုင်ရာသက်ညှာခွင့်ပြုခြင်း

ပြည်နယ်ဥက္ကဋ္ဌသည် နိုင်ငံအားသစ္စာဖေါက်ဖျက်ပုန်ကန်မှုနှင့်ပြည်နယ်၏ ရွေးကောက်ခံအာဏာပိုင်များအားစွပ်စွဲခြင်းပြုသည့်အမှုများမှတပါး၊ အခြားအမှုများတွင် ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ၎င်းပြစ်ဒဏ်အားရွှေ့

ဆိုင်းပေးခြင်း၊ လျှော့ပေါ့ပေးခြင်း၊ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခြင်းတို့ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

ယင်းပြစ်ဒဏ်ရွှေ့ဆိုင်းပေးခြင်း ပြစ်ဒဏ်လျှော့ပေးခြင်းနှင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခြင်းတို့ကို ပြုလုပ်သည့်အခါတိုင်း ပြည်နယ်ဥက္ကဋ္ဌသည် ကျိုးကြောင်းဆီလျော်သည့် အချက်အလက်များနှင့်တကွ ထိုသို့ပြုလုပ်ရသည့်အခြေခံအကြောင်းအရာများအားဖော်ပြပြီး ဥပဒေပြုအဖွဲ့ထံ အသိပေးအကြောင်းကြားရမည်။

## ပုဒ်မ ၇။ ပြည်နယ်အစိုးရအဖွဲ့

ပြည်နယ်ဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အတွင်းရေးမှူး၊ ဘဏ္ဍာရေးတာဝန်ခံချုပ်နှင့် ရှေ့နေချုပ်တို့ပါဝင်သော ပြည်နယ်အစိုးရအဖွဲ့အား ဖွဲ့စည်းရမည်။

## ပုဒ်မ ၈။ ပြည်နယ်အစိုးရအဖွဲ့ဝင်များအားရွေးကောက်ခြင်း

ပြည်နယ်ဥက္ကဋ္ဌအား ရွေးကောက်တင်မြှောက်သည့်အချိန်တွင်၊ ပြည်နယ်အတွင်းရေးမှူး၊ ဘဏ္ဍာရေးတာဝန်ခံချုပ်နှင့်ရှေ့နေချုပ်တို့အား (၄) နှစ်သက်တမ်းကာလအတွက် ရွေးကောက်တင်မြှောက်ရမည်။

## ပုဒ်မ ၉။ အုပ်ချုပ်ရေးဌာနများ

အရည်အတွက် (၂၀) ထက်မပိုသော အုပ်ချုပ်ရေးဌာနများအား ဥပဒေပြုပြဋ္ဌာန်းပြီးဖွဲ့စည်း တည်ထောင်ရမည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့် တာဝန်များအားလည်း ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

အုပ်ချုပ်ရေးဌာနတာဝန်ခံများသည် ဝါရင့်ထင်ရှားသည့် အစိုးရအမှုထမ်းများ ဖြစ်ရမည်ဖြစ်ပြီး၊ ၎င်းတို့အားပြည်နယ်ဥက္ကဋ္ဌသည် ဥပဒေပြုအဖွဲ့၏ သဘောတူညီချက်ဖြင့်ခန့်အပ်ရမည်ဖြစ်၍၊ ရာထူးမှလည်း ထုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်။

အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာ အခြားအရာရှိများအား ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ပြည်နယ်ဥက္ကဋ္ဌ သို့မဟုတ် အုပ်ချုပ်ရေးဌာနတာဝန်ခံများက ခန့်အပ် ရမည်။

## ပုဒ်မ ၁၀။ ဥပဒေပြုအဖွဲ့၌ မဲပေးခွင့်မရှိခြင်း

ဥပဒေပြုအဖွဲ့အစည်းအဝေးတွင် ပြည်နယ်ဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ရန်လိုအပ်ပြီး၊ ဥပဒေကြမ်းတင် သွင်းခြင်း ပါဝင်ဆွေးနွေးပြောဆိုခြင်းတို့ကို ပြုလုပ်နိုင်သော်လည်း ဆန္ဒမဲ ပေးခွင့်မရှိပေ။

ဥပဒေပြုအဖွဲ့ အစည်းအဝေးသို့တက်ရောက်မှုမပြုခြင်းသည် ပြည်နယ်၏ ရွေးကောက်ခံအာဏာပိုင်များအား စွပ်စွဲခြင်းပြုနိုင်သည့် အခြေခံ အကြောင်းအရာတရပ်ဖြစ်ပြီး အသေးစိတ်အချက်အလက်ကို ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၁၁။ ပြည်နယ်ဥက္ကဋ္ဌတာဝန်ဆက်ခံခြင်း

ပြည်နယ်ဒုတိယဥက္ကဋ္ဌ ရာထူးနေရာလစ်လပ်နေပြီး ပြည်နယ်ဥက္ကဋ္ဌ သေဆုံး လျှင် သို့မဟုတ် ရာထူးမှ အနားယူလျှင် သို့မဟုတ် ရာထူးမှ ဖယ်ရှားခြင်း ခံရလျှင် ပြည်နယ်အတွင်းရေးမှူးသည် ပြည်နယ်ဥက္ကဋ္ဌအဖြစ် ကျန်ရှိနေသော ကာလအတွက် တာဝန်ထမ်းဆောင်ရမည်။

ပြည်နယ်ဒုတိယဥက္ကဋ္ဌရာထူး နေရာလစ်လပ်နေပြီး ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ပြင်ပသို့ရောက်ရှိနေလျှင် သို့မဟုတ် ပြည်နယ်၏ရွေးကောက်ခံ အာဏာပိုင်များ၁အား စွပ်စွဲခြင်းခံနေရလျှင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သော်ဇင်း၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ သော်ဇင်း၊ ရောဂါဝေဒနာခံစားရပြီး မိမိ တာဝန်ကိုထမ်းဆောင်နိုင်ခြင်း မရှိလျှင်၊ ပြည်နယ်အတွင်းရေးမှူးသည် ယာယီပြည်နယ်ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်ရမည်။

*@ @ @ @ @*

# အပိုဒ် (၅)

# တရားစီရင်ရေး

## ပုဒ်မ ၁။ တရားရုံးများ

ဤပြည်နယ်၏တရားစီရင်ရေးအာဏာသည်တရားလွှတ်တော်ချုပ်၊ အယူခံတရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင်တည်ရှိသည်။

တရားရုံးများဖွဲ့စည်းတည်ထောင်ခြင်းနှင့် ၎င်းတို့၏အာဏာများ ကျင့်ထုံးများအတွက် ဥပဒေပြုလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၂။ တရားလွှတ်တော်ချုပ်

တရားလွှတ်တော်ချုပ်အားတရားသူကြီး (၃) ဦးဖြင့် ဖွဲ့စည်းရမည်။ ဥပဒေပြုအဖွဲ့၏အတည်ပြုချက်ဖြင့် တရားလွှတ်တော်ချုပ်တရားသူကြီးများအားပြည်နယ်ဥက္ကဋ္ဌက ခန့်အပ်ရမည်။

တရားလွှတ်တော်ချုပ်တရားသူကြီးများသည် မိမိတို့အတွင်းမှတဦးအားရွေးကောက်ပြီးနောက် ပြည်နယ်ဥက္ကဋ္ဌက တရားသူကြီးချုပ်အဖြစ်ခန့်အပ်ရမည်။ ကျန်တရားသူကြီးများအား တရားလွှတ်တော်ချုပ်တရားသူကြီးများ ဟုခေါ်ဆိုရမည်။

ပြည်နယ်ဥက္ကဋ္ဌသည် တရားလွှတ်တော်ချုပ်တရားသူကြီးနှစ်ဦးအနက် တဦးအား ယာယီတရားသူကြီးချုပ်အဖြစ် သတ်မှတ်ရမည်။

ယာယီတရားသူကြီးချုပ်သည် တရားသူကြီးချုပ်မရှိသည့်အခါ သို့မဟုတ် တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိသည့်အခါ တရားသူကြီးချုပ်၏တာဝန်များအား ဆောင်ရွက်ရမည်။

## ပုဒ်မ ၃။ သတ်မှတ်ချက်အရည်အချင်း

အနည်းဆုံးအသက် (၄၀) နှစ်ပြည့်ပြီး ဤပြည်နယ်သားဖြစ်ကာ ရွေးကောက်ခြင်းမခံရမီ အထက်က ဤပြည်နယ်အတွင်းတွင် အနည်းဆုံး

တောက်လျှောက် (၃) နှစ် နေထိုင်သူဖြစ်၍ ဥပဒေဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံး (၁၀) နှစ်လုပ်ဆောင်နေသူမှတပါး မည်သူတဦးတယောက်မျှ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် အဖြစ်၎င်း၊ တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ်၎င်း တာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

## ပုဒ်မ ၄။ လွှတ်လပ်စွာတရားစီရင်ပိုင်ခွင့်

တရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် တရားသူကြီးအားလုံးသည် လွှတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာတာဝန်ခံရမည်။

## ပုဒ်မ ၅။ တားမြစ်ထားသည့်လုပ်ငန်းများ

တရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် တရားသူကြီးအားလုံးသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တရားစီရင်ရေးလုပ်ငန်းများတွင် အချိန်ပြည့်တာဝန် ထမ်းဆောင်ရမည်။ ဥပဒေအကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း၊ အကျိုးအမြတ်ရရှိသည့် လုပ်ငန်းတရပ်ရပ်တွင် လုပ်ဆောင်ခြင်း၊ နိုင်ငံရေးပါတီတစုံတရာတွင် တာဝန်ယူဆောင်ရွက်ခြင်း အခြားရာထူး ဌာနတခုခု သို့မဟုတ် အစိုးရလုပ်ငန်းတရပ်ရပ်တွင် လုပ်ဆောင်ခြင်းမရှိစေရ။

## ပုဒ်မ ၆။ တရားရေးလစာ

တရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် တရားသူကြီးအားလုံးသည် အထွေထွေဥပဒေပြဋ္ဌာန်းချက်အရ သတ်မှတ်ထားသည့်လစာကို ခံစားပိုင်ခွင့်ရှိသည်။ တရားစီရင်ရေးအနေဖြင့် လစာသတ်မှတ်ပိုင်ခွင့်မရှိပေ။

## ပုဒ်မ ၇။ ဥပဒေအကျိုးဆောင်အဖြစ်လက်ခံခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်း

ဥပဒေအကျိုးဆောင်အဖြစ် ဆောင်ရွက်ရန်လက်ခံခြင်းနှင့် ဆောင်ရွက်နေ သည့် ပုဂ္ဂိုလ်များအား စည်းကမ်းထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ လိုအပ်သည့် စည်းမျဉ်း

စည်းကမ်းများအား ပြဋ္ဌာန်းရန်တရားလွှတ်တော်ချုပ်တွင် သီးသန့်လုပ်ဆောင်ခွင့်အာဏာ ရှိသည်။

### ပုဒ်မ ၈။ တရားသူကြီးများအငြိမ်းစားယူခြင်းနှင့် တာဝန်မထမ်းဆောင်နိုင်ခြင်း

အသက်အရွယ်ကြီးရင့်ခြင်းသို့ တာဝန်မထမ်းဆောင်နိုင်ခြင်းကြောင့် တရားလွှတ်တော်ချုပ်တရားသူ ကြီးများနှင့် တရားသူကြီးများအားလုံးသည် သင့်တော်လျောက်ပတ်သည့်လစာဖြင့် အငြိမ်းစားယူနိုင်ရန်အတွက် ဥပဒေပြုလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၉။ အမြင့်ဆုံးသောတရားစီရင်ရေးရုံး

တရားလွှတ်တော်ချုပ်သည် ဤပြည်နယ်၏အမြင့်ဆုံးသော တရားစီရင်ရေးရုံးဖြစ်သည်။ တရားလွှတ်တော်ချုပ်၏တရားစီရင်ပိုင်ခွင့် အာဏာနှင့်ပတ်သက်၍ ဥပဒေပြုလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၁၀။ တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာ

တရားလွှတ်တော်ချုပ်လက်အောက်ခံတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကို ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

@ @ @ @ @

## အပိုဒ် (၆)

## မဲပေးခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်း

### ပုဒ်မ ၁။ မဲဆန္ဒရှင်

ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်ပြီး အနည်းဆုံးအသက် (၁၈) နှစ်ပြည့်ကာ၊ ဤပြည်နယ်သားဖြစ်၍၊ သတ်မှတ်ထားသည့်ဥပဒေအရ ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားပြီးသော သူတဦးသည် အဆိုပါမြို့နယ်တွင်ဆန္ဒ မဲပေးခွင့်ရှိသည်။

### ပုဒ်မ ၂။ ရွေးကောက်ပွဲဆိုင်ရာပြဋ္ဌာန်းချက်

ပြည်နယ်အတွင်းနေထိုင်ခြင်းနှင့်ပတ်သက်၍ ဥပဒေပြုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းရမည့်အပြင် ဆန္ဒမဲပေးရန်မှတ်ပုံတင်ခြင်းနှင့် လွတ်လပ်သော ရွေးကောက်ပွဲကျင်းပခြင်းတို့အတွက်လည်း ဥပဒေပြုပြဋ္ဌာန်းပေး ရမည်ဖြစ်သည်။

### ပုဒ်မ ၃။ ဆန္ဒမဲပေးပိုင်ခွင့်မရှိခြင်း

ရွေးကောက်ပွဲများအားထိခိုက်စေသည့် မမှန်မကန်လုပ်ဆောင်မှုများကို၊ ဥပဒေပြုလွှတ်တော်က ကာကွယ်တားမြစ်ပေးရမည်ဖြစ်ပြီး မဲဆန္ဒရှင်တဦးတယောက်အနေဖြင့် စိတ်ပိုင်းဆိုင်ရာမစွမ်းဆောင်နိုင်မှုခံစားနေရချိန်အတွင်း၌၎င်း၊ ရာဇဝတ်မှုတစုံတရာကြောင့် ထောင်ဒဏ်ကျခံရချိန်သို့မဟုတ် အကျဉ်းထောင်ပြင်ပ၌ အပြစ်ခံ နေရချိန်အတွင်း၌၎င်း၊ ဆန္ဒမဲပေးပိုင်ခွင့်မရှိကြောင်း ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၄။ ဆန္ဒမဲပေးခြင်း

ရွေးကောက်ပွဲအားလုံးသည် တိုက်ရိုက်နှင့် လျှို့ဝှက်မဲပေးခြင်းဖြစ်ရမည်။ ယင်းအတွက်အသေးစိတ်ကို ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၅။ ပြင်ပမှမဲပေးခြင်း

ပြည်နယ် သို့မဟုတ် မိမိနေထိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူများအနေဖြင့် မှတ်ပုံတင်ခြင်းနှင့်ဆန္ဒမဲပေးခြင်း ပြုလုပ်နိုင်ရန် သော်၎င်း၊ ၎င်းတို့၏ဆန္ဒမဲများအား ၎င်းတို့နေထိုင်ရာ မဲဆန္ဒနယ်မြေသို့ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ရေတွက်ခြင်းပြုလုပ်နိုင်ရန်သော်၎င်း၊ ဥပဒေပြုလွှတ်တော်က အထွေထွေဥပဒေပြုပြဌာန်းပေးရမည်ဖြစ်သည်။

@ @ @ @ @

# အပိုဒ် (၇)

## ဒေသန္တရအစိုးရ

### ပုဒ်မ ၁။ အဆင့်ဆင့်အုပ်ချုပ်ရေးဒေသများ

ဥပဒေအရ ဤပြည်နယ်တွင် အဆင့်ဆင့်အုပ်ချုပ်ရေးသေများအား ခွဲခြားထားရာ —

(၁) ခရိုင်
(၂) မြို့နယ်
(၃) ကျေးရွာအုပ်စု
(၄) ကျေးရွာ/ရပ်ကွက် တို့ဖြစ်သည်။

### ပုဒ်မ ၂။ ဖွဲ့စည်းပုံ

ယင်းအဆင့်ဆင့်အုပ်ချုပ်ရေးဒေသများ၏ ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲရေး၊ လုပ်ငန်းတာဝန်များ၊ ဒေသတခုနှင့်တခုပေါင်းစည်းရေးနှင့် နယ်နမိတ်ပြောင်းလဲခြင်းတို့အတွက် ဥပဒေအဖွဲ့ကဥပဒေပြုပြဌာန်းပေးရမည်။ ဖွဲ့စည်းခြင်း နှင့် တခုနှင့်တခုပေါင်းစည်းခြင်းတို့တွင် ယင်းကိစ္စအတွက် မဲပေးသည့် မဲဆန္ဒရှင်အများစု၏ သဘောတူညီသည့် ဆန္ဒမဲကိုရရှိရန်လိုအပ်သည်။

### ပုဒ်မ ၃။ ပဋိဉာဉ်စာတမ်း

မည်သည့်ခရိုင် သို့မဟုတ် မြို့နယ်မဆို မိမိ၏ဒေသအုပ်ချုပ်ရေးအတွက် ပဋိဉာဉ်စာတမ်းတခုကို ပြုလုပ်ပြဌာန်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်းအား ဥပဒေနှင့်အညီပြုလုပ်နိုင်ပြီး ယင်းကိစ္စအတွက်မဲပေးသည့် မဲဆန္ဒရှင်အများစု၏သဘောတူညီသည့်ဆန္ဒမဲကိုရရှိရန် လိုအပ်သည်။

### ပုဒ်မ ၄။ အစီရင်ခံခြင်း

ပဋိဉာဉ်စာတမ်းအရပြုလုပ်သည့် ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်းလုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို ဒေသန္တရအစိုးရသည် ပြည်နယ်အတွင်းရေးမှူးထံသို့ ပုံမှန်ပေးပို့ရမည်။

# အပိုဒ် (၈)

# ဘဏ္ဍာရေးနှင့်အခွန်ကောက်ခံခြင်း

## ပုဒ်မ ၁။ အခွန်ကောက်ခံပိုင်ခွင့်အာဏာ

အခွန်ကောက်ခံပိုင်ခွင့်အား စွန့်လွှတ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ် တဆင့်ခံလွှဲအပ်ခြင်းမရှိစေရ။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် သဘောတူညီထားပြီး ဤပြည်နယ်၏ ဥပဒေပြုအဖွဲ့က အတည်ပြုလက်ခံသည့်ကိစ္စရပ်များမှတပါး အခွန်ကောက်ခံပိုင်ခွင့် အာဏာအားလုံးသည် ဤပြည်နယ်တွင် တည်ရှိသည်။

## ပုဒ်မ ၂။ ငွေကြေးချေးယူပိုင်ခွင့်အာဏာ

မည်သည့်ပုဂ္ဂလိကတဦးတယောက် သို့မဟုတ် အဖွဲ့အစည်းတစုံတခု သို့မဟုတ် ပုဂ္ဂလိကစီးပွားရေး အဖွဲ့တရပ်ရပ်အား အထောက်အကူ ဖြစ်စေခြင်းအလို့ငှါ ပြည်နယ် သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း တစုံတရာ၏ ငွေကြေးအာမခံနိုင်မှုအဆင့်အတန်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်နည်းနှင့် မျှပေးအပ်ခြင်း၊ ငှားရမ်းမှုပြုခြင်း၊ အသုံးပြုစေခြင်းမရှိစေရ။

## ပုဒ်မ ၃။ ကြွေးမြီဆိုင်ရာကန့်သတ်ချက်များ

စီမံကိန်းတခု သို့မဟုတ် ရည်ရွယ်ချက်တခုအတွက်သာ သတ်မှတ်ဖော်ပြထားပြီး ဥပဒေအရဆောင် ရွက်ပိုင်ခွင့်ရှိသောကြွေးမြီမှတပါး မည်သည့်ကြွေးမြီတစုံတရာအတွက်ကိုမှ ပြည်နယ်အနေဖြင့်ရင်း၊ ပြည်နယ်အား ကိုယ်စားပြု၍သော်၎င်း၊ စာချုပ်ချုပ်ဆိုခြင်း မပြုလုပ်ရ။ အဆိုပါ ဥပဒေသည် ကျူးကျော်မှုအား တွန်းလှန်တိုက်ခိုက်ခြင်း၊ ပုန်ကန်မှုအားနှိမ်နင်းခြင်း၊ စစ်ပွဲအတွင်းပြည်နယ်အား ကာကွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်အား ရင်ဆိုင်ခြင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုချိန် တင်ရှိနေသော

ကြေးမြီများအား ပြန်ဆပ်ခြင်းတို့အတွက် ရည်ရွယ်သည့်ကိစ္စမှတပါး လွှတ်တော်တရပ်စီ၏ အဖွဲ့ဝင်ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၏ သဘောတူအတည်ပြုချက် ရရှိခြင်းမရှိလျှင် အကျိုးသက်ရောက်ခြင်း မရှိစေရ။

မည်သည့်ဘဏ္ဍာရေးနှစ်အတွက်မဆို လိုအပ်သောသုံးစွဲရန် လျာထားငွေကိုရရှိရန်အလို့ငှါ ပြည်နယ်သည် ဥပဒေပြဋ္ဌာန်း၍ ၎င်းနှစ်အတွက် အခွန်ငွေကောက်ခံခြင်းမပြုမီ ကြိုတင်၍ငွေချေးရယူနိုင်သည်။ သို့ရာတွင် အဆိုပါ ကြိုတင်ချေးယူငွေကို တနှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်။

## ပုဒ်မ ၄။ ရသုံးမှန်းခြေငွေစာရင်း/ဘတ်ဂျက်

ဘဏ္ဍာရေးနှစ်မစတင်မီ (၃) လအလိုတွင် ပြည်နယ်ဥက္ကဋ္ဌသည် အဆိုပြုထားသည့် သုံးစွဲကုန်ကျမည့် ငွေကြေးစာရင်းဇယားနှင့်တကွ နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်၏ဌာနများ၊ ရုံးများနှင့် ဌာနခွဲများက ရရှိမည့်ဝင်ငွေ စသည့်အချက်အလက်အပြည့်အစုံဖေါ်ပြထားသော ရသုံးမှန်းခြေငွေစာရင်းအား ဥပဒေပြုအဖွဲ့ ထံတင်သွင်းရမည်။ ရသုံးမှန်းခြေငွေစာရင်းအား ပြုစုပြင်ဆင်ရာတွင်သက်ဆိုင်ရာဌာနများ၊ ရုံးများနှင့် ဌာနခွဲများသည် ပြည်နယ်ဥက္ကဋ္ဌထံ ၎င်းကသတ်မှတ်ပေးသောပုံစံဖြင့် လိုအပ်သည့်အချက်အလက် အကြောင်းအရာများကိုပေးပို့ရမည်။ ဥပဒေပြုအဖွဲ့ထံ ရသုံးမှန်းခြေငွေစာရင်းတင်သွင်းသည့်အချိန်တွင် ပြည်နယ်ဥက္ကဋ္ဌသည် ရသုံးမှန်းခြေငွေစာရင်း၌ ထည့်သွင်းဖေါ်ပြထားသော အဆိုပြုထားသည့် သုံးစွဲကုန်ကျမည့်ငွေများအား ခွင့်ပြုနိုင်ရန်အတွက် သုံးစွဲရန် လျာထားသောငွေကြေးဆိုင်ရာအထွေထွေ ဥပဒေကြမ်းတရပ်အားတင်သွင်းရမည်။

## ပုဒ်မ ၅။ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာဥပဒေပြုရေးနည်းလမ်း

ပြည်နယ်ဥက္ကဋ္ဌကအဆိုပြုတင်သွင်းပြီး ဥပဒေပြုအဖွဲ့က ပြန်လည်ပြင်ဆင်ထားသည့် သုံးစွဲရန်လျာထားသော ငွေကြေးဆိုင်ရာ အထွေထွေဥပဒေကြမ်းတရပ်အား ဥပဒေအဖြစ်ထုတ်ပြန် ကြေငြာခြင်းမပြုမီ မည်သည့်သုံးစွဲရန်လျာထားသောငွေကြေးဆိုင်ရာအထူးဥပဒေကြမ်းကိုမှ အတည်ပြုခြင်း မရှိစေရ။



Karen SCDC (BURMESE VERSION).pmd 70 8/8/2006, 4:57 PM

ကော်မတီတစုံတခုရွေးကောက်တွင်သော်၎င်း၊ ဥပဒေပြုအဖွဲ့က ကော်မတီတရပ်အဖြစ်ဆောင်ရွက်သည့် ရွေးကောက်တွင်သော်၎င်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်သည့် လူထုကြားနာဆွေးနွေးပွဲတရပ် သို့မဟုတ် တရပ်ထက်ပိုသောဆွေးနွေးပွဲများကို ဥပဒေပြုအဖွဲ့က ပြုလုပ်ပေးရမည်။

ဥပဒေပြုအဖွဲ့၏ ရွေးကောက်တွင်သော်၎င်း ကော်မတီတရပ်၏ ရွေးကောက်တွင်သော်၎င်း ရသုံးမှန်းခြေငွေ စာရင်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုတစုံတရာအားဖြေကြားရန် အလို့ငှါ တက်ရောက်ရန် ဥပဒေပြုအဖွဲ့၏အဖွဲ့ဝင် ကိုယ်စားလှယ် ငါးပုံတပုံထက်မနည်းတောင်းဆိုပါက ပြည်နယ်ဥက္ကဌကိုယ်တိုင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က တက်ရောက်ရန်တာဝန်ရှိသည်။

ဘဏ္ဍာရေးနှစ်တနှစ်အတွင်း ရရှိမည့်ဝင်ငွေထက်ကျော်လွန်သော ထိုဘဏ္ဍာရေးနှစ်အတွက် သုံးစွဲရန်လျာထားသောငွေကြေးအား ဥပဒေပြုအဖွဲ့ကခွင့်ပြုခြင်းမရှိစေရ။

## ပုဒ်မ ၆။ ငွေကြေးသုံးစွဲမှု

ဥပဒေပြဋ္ဌာန်းခြင်းဖြင့်သုံးစွဲရန် ရာထားသောငွေကြေးမှတပါး၊ မည်သည့်ငွေကြေးကိုမဆို ဘဏ္ဍာတိုက်မှ ထုတ်ယူခြင်းမရှိစေရ။ ဥပဒေကသတ်မှတ်ထားသည့်အတိုင်းအတာထက်ပို၍ ငွေမချေးရ။

## ပုဒ်မ ၇။ အခွန်ငွေ

အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းဆိုင်ရာ ဥပဒေကြမ်းအားလုံးသည် ကိုယ်စားလှယ်များလွှတ်တော်၌ စတင်ပြုလုပ်တင်သွင်းရမည်။

ဘဏ္ဍာရေးနှစ်တခုစီအတွက် ပြည်နယ်၏အသုံးစရိတ်များအားကာမိစေရန်၊ လုံလောက်သောအခွန် ငွေတိုးမြှင့်ကောက်ခံခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

@ @ @ @ @

# အပိုဒ် (၉)

## ပညာရေး

### ပုဒ်မ ၁။ ပညာရေးဆိုင်ရာတာဝန်ခံမှု

ခလေးသူငယ်များ၏ပညာရေးသည် အခြေခံအဘိုးထိုက်တန်သော အရာတခုဖြစ်ပြီး၊ ပြည်နယ်သားများ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ကာကွယ်ထိန်းသိမ်းရာ၌ မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ သို့ဖြစ်သောကြောင့် ပြည်နယ်အနေဖြင့် မိမိ၏နယ်မြေအတွင်းနေထိုင်သော ခလေးသူငယ်အားလုံး၏ ပညာရေးအတွက်ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

### ပုဒ်မ ၂။ အများပြည်သူဆိုင်ရာပညာရေး

ပြည်နယ်အတွင်းရှိ ကလေးသူငယ်အားလုံးအတွက် ထားရှိသည့် ဘာသာရေးနှင့် မပတ်သက်သော အများပြည်သူဆိုင်ရာကျောင်းများ တည်ထောင်ဖွဲ့စည်းခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့အတွက် ဥပဒေပြုပြဋ္ဌာန်းပေးရ မည်။

ဘာသာရေးနှင့်မပတ်သက်သော အများပြည်သူဆိုင်ရာ ကျောင်းပညာရေးစနစ်၌ တူညီသောပုံစံ၊ ထိရောက်မှု၊ အန္တရာယ်ကင်းမှု၊ လုံခြုံမှုနှင့် အရည်အချင်းမြင့်မားမှုတို့ ရရှိစေရန်အတွက် ဥပဒေဖြင့်ပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၃။ ပြည်နယ်ပညာရေးဘုတ်အဖွဲ့

ပြည်နယ်ဥက္ကဋ္ဌက ဆီးနိတ်၏အတည်ပြုချက်ဖြင့်ခန့်အပ်သော (၄) နှစ်သက်တမ်းကာလအတွက် အဖွဲ့ဝင် (၅) ဦးပါဝင်သည့် ပြည်နယ်ပညာရေးဘုတ်အဖွဲ့ကိုထားရှိရမည်။

၎င်းအဖွဲ့သည်ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း အများပြည်သူဆိုင်ရာ ပညာရေးစနစ်အား ကြီးကြပ်ရမည်။

@ @ @ @ @

# အပိုဒ် (၁၀)
# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

**ပုဒ်မ ၁။ ပြင်ဆင်ရန်နည်းလမ်း**

လွှတ်တော်နှစ်ရပ်လုံး၏ အဖွဲ့ဝင်ကိုယ်စားလှယ်ဦးရေသုံးပုံနှစ်ပုံ သဘောတူညီချက်ရရှိပြီးနောက်၊ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာ၌ ခရိုင်အများစုတွင် မဲအများစုရရမည့်အပြင်၊ ခရိုင်အားလုံး၏အများစုမဲဖြင့်သာ ဤဖွဲ့ စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းကိုအတည်ဖြစ်စေရမည်။

@ @ @ @ @

## အပိုဒ် (၁၁)

## အထွေထွေ

### ပုဒ်မ ၁။ ပြည်သူ့စစ်

အသက် (၁၈) ပြည့်ပြီး (၄၀) နှစ်အောက်တွင်ရှိသော ကျန်းမာရေးနှင့် ပြည့်စုံသည့် ပြည်နယ်သားများနှင့် ပြည်နယ်အတွင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံသားများဖြင့် ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းတည်ဆောက်ရမည်။

### ပုဒ်မ ၂။ ပြည်သူ့ကျန်းမာရေးနှင့်လူမှုဖူလုံရေး

ပြည်သူ့ကျန်းမာရေးနှင့်လူမှုဖူလုံရေးအား မြှင့်တင်ရန်နှင့် ကာကွယ်ပေးရေးအတွက် ဥပဒေပြုအဖွဲ့သည် ဥပဒေပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၃။ ယဉ်ကျေးမှုနှင့်သမိုင်းဝင်နေရာများ

ကရင့်ယဉ်ကျေးမှုအား ထိန်းသိမ်းရန်နှင့် ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာနေရာများအား ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေပြုအဖွဲ့သည် ဥပဒေပြဋ္ဌာန်းပေးရမည်။ အသေးစိတ်အချက်အလက်များအား ဥပဒေ၌ဖေါ်ပြရမည်။

@ @ @ @ @